သုတ္တနိပါတ်ပါဠိတော်

# ၃-ခဂ္ဂဝိသာဏသုတ်

၃၅။ (ထိုအရှင်သည်) သတ္တဝါအားလုံးတို့၌ ဒဏ်မထားမူ၍ ထိုသတ္တဝါတို့တွင် တစ်ယောက်ယောက်ကိုမျှလည်း မညှဉ်းဆဲဘဲ ပစ္စေကဗောဓိဉာဏ်ကိုရ၏။ ထိုပစ္စေကဗုဒ္ဓါအသျှင်သည်သားသမီးကိုသော်လည်း အလိုမရှိပေ၊ အပေါင်းအဖော်ကို မူကား အဘယ်မှာ အလိုရှိပါတော့မည်နည်း၊ (ထို့အတူ သူတော်ကောင်းသည်) ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁)

၃၆။ ရောနှောစပ်ယှက်မှု 'သံသဂ္ဂ' ဖြစ်နေသူအား ချစ်ခင်မှု 'သ္နေဟ' ဖြစ်ရသည့် အပြင်ချစ်ခင်မှု 'သ္နေဟ'သို့ အစဉ်လိုက်သော ဤဆင်းရဲအမျိုးမျိုး ဖြစ်ရ၏။ ထို့ကြောင့် ချစ်ခင်မှု 'သ္နေဟ' ကြောင့် ဖြစ်သော အပြစ်ကို ဉာဏ်ဖြင့် ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ (၂)

၃၇။ အဆွေခင်ပွန်းတို့ကိုလည်းကောင်း ချစ်ကျွမ်းဝင်သူတို့ကိုလည်းကောင်း အစဉ်သနားသည်ဖြစ်၍ထိုသူတို့၌ နှစ်သက်နှောင်ဖွဲ့သော စိတ်ရှိသူသည် အကျိုး စီးပွါးအားလုံးကို ဆုတ်ယုတ်စေ၏။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံမှု၌ ဤအကျိုး ဆုတ်ယုတ်မှုဟူသော ဘေးကို ဉာဏ်ဖြင့် ရှုဆင်ခြင်လျက် ကြံ့ချိုပမာတစ်ယောက်တည်း ကျင့်ရာ၏။ (၃)

၃၈။ ကျယ်ပြန့်သော ဝါးရုံကြီးသည် ငြိယှက်ရှုပ်ထွေးကာ တည်သကဲ့သို့သား သမီးတို့၌လည်းကောင်း၊ မယားတို့၌လည်းကောင်း ငဲ့ကွက်မှု ချစ်ခြင်း တဏှာသည် ထိုသားသမီးစသည်တို့၌ ငြိကပ်တွယ်တာ၏။ ထို့ကြောင့် ဝါးရုံ၏ အလယ်၌ ပေါက် သစ်စဖြစ်သော ဝါးမျှစ်စို့သည် မငြိမတွယ်တည်သကဲ့သို့ ထို့အတူမငြိကပ်မတွယ် တာဘဲ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၄)

၃၉။ သားသမင်သည် တောအရပ်၌ အနှောင်အဖွဲ့မရှိဘဲ သွားလိုရာရာ အရပ်သို့ ကျက်စားရန် သွားနိုင်သကဲ့သို့ ပညာရှိသော ယောကျာ်းသည် (သူတစ်ပါးနှင့်မစပ်ဘဲ) မိမိအလိုဆန္ဒအတိုင်း ဖြစ်ခြင်းကို ကြည့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၅)

၄၀။ အပေါင်းအဖော်တို့၏ အလယ်၌ တည်သူအား ထိုင်နေရာ၌သော်လည်းကောင်း၊ ရပ်တည်ရာ၌သော်လည်းကောင်း၊ သွားရာ၌သော်လည်းကောင်း၊ လှည့် လည်ရာ၌သော်လည်းကောင်း ့ (သူတစ်ပါးတို့) အတောင်းခံရ၏။ (ထို့ကြောင့် ) သူတစ်ပါးတို့ မမက်မောအပ်သော မိမိအလိုဆန္ဒ

အတိုင်းဖြစ်ခြင်းကို ကြည့်ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၆)

၄၁။ အပေါင်းအဖော်တို့၏ အလယ်၌ တည်သူအား ကစားမြူးထူးခြင်းနှင့် (ကာမဂုဏ်) မွေ့လျော်ခြင်းသည် ဖြစ်၏။ သားသမီးတို့၌လည်း ကျယ်ပြန့်များပြားသော ချစ်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် ချစ်သူတို့နှင့် ကွေကွင်းခြင်းကို စက်ဆုပ်သည်ဖြစ်၍ ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ (၇)

၄၂။ ဆိုးကောင်း ယုတ်မြတ် ရတတ်သမျှသော ပစ္စည်းဖြင့် နှစ်သိမ့်ရောင့်ရဲကာ အရပ်လေးမျက်နှာတို့၌ မေတ္တာဘာဝနာဖြင့် ပျံ့နှံ့စေလျက် ချမ်းသာစွာနေရသူ သတ္တဝါတို့၌ ထိပါးမှုမရှိသူဖြစ်သည့်အပြင်အတွင်းအပဘေးရန်တို့ကိုသည်းခံနိုင် သူ ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိသူဖြစ်၍ ကြံ့ချိုပမာတစ်ယောက်တည်း ကျင့်ရာ၏။ (၈)

၄၃။ အချို့သော ရဟန်းတို့ကိုလည်းကောင်း၊ အချို့သော အိမ်နေသူလူတို့ကိုလည်းကောင်း ချီးမြှောက်ရန် ခဲယဉ်းလှကုန်၏။ ဤသို့ သိသောကြောင့် သူတစ်ပါး သားသမီးတို့၌ကြောင့်ကြမဲ့ဖြစ်၍ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၉)

၄၄။ လုံ့လ ဝီရိယရှိသူသည် လူ၏အသွင်အပြင်တို့ကို ပယ်ချ၍ အရွက်ကြွေ ကျပြီးသော ပင်လယ်ကသစ်ပင်ကဲ့သို့ လူ့၌ ဖြစ်သော အနှောင်အဖွဲ့တို့ကို ဖြတ် တောက်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၀)

၄၅။ ရင့်ကျက်သည့် ပညာရှိသော ကောင်းစွာနေလေ့ရှိသော ဝီရိယမလျော့သော အတူတကွကျင့်ဘက်မိတ်ဆွေကောင်းကို ရနိုင်ခဲ့မူ ထိုမိတ်ဆွေကောင်းနှင့် ဝမ်း မြောက်ဝမ်းသာ သတိရှိသည်ဖြစ်၍အတွင်းအပဘေးရန်အားလုံးတို့ကို လွှမ်းမိုးလျက် ကျင့်ရာ၏။ (၁၁)

၄၆။ ရင့်ကျက်သော ပညာရှိသော ကောင်းစွာ နေလေ့ရှိသော ဝီရိယမလျော့သော အတူတကွကျင့်ဘက်မိတ်ဆွေကောင်းကို မရခဲ့မူ မင်းသည် မိမိအောင်နိုင်ပြီးသောတိုင်းနိုင်ငံကို ပယ်စွန့်ကာ တစ်ယောက်တည်း ကျင့်သကဲ့သို့လည်းကောင်း၊ တော၌ မာတင်္ဂမည်သော ဆင်ပြောင်ကြီးသည် တစ်ကောင်တည်း လှည့်လည်သကဲ့သို့လည်းကောင်း တစ်ယောက်တည်း ကျင့်ရာ၏။ (၁၂)

၄၇။ အပေါင်းအဖော်တို့နှင့် ပြည့်စုံခြင်းကို အမှန်ပင် ငါတို့ ချီးမွမ်းပါကုန်၏။ သီလစသည်တို့ဖြင့် မိမိထက်မြတ်သော အပေါင်းအဖော်တို့ကိုလည်းကောင်း၊ မိမိနှင့် တူသော အပေါင်းအဖော်တို့ကိုလည်းကောင်းမှီဝဲပေါင်းသင်းထိုက်ကုန်၏။ ဤသို့ သော အပေါင်းအဖော်တို့ကို မရခဲ့သော် အပြစ်ကင်းသော ဘောဇဉ်ကို သုံးဆောင်မှီဝဲလျက် ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ (၁၃)

၄၈။ ရွှေပန်းထိမ်သည်သားသည် ကောင်းစွာပြုလုပ်ပြီးကုန်သော လက်၌ နှစ်ဆင့် ဝတ်ထားသော ရွှေရောင်တလက်လက် ထွက်သော ရွှေလက်ကောက်တို့ အချင်းချင်း ထိခိုက်ကြသည်တို့ကို မြင်ရ၍ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၄)

၄၉။ အဖော်နှင့်တကွ ဤသို့ စကားပြောရခြင်းသည်လည်းကောင်း၊ အလွန်ကပ်ငြိစွဲလမ်းခြင်းသည်လည်းကောင်း ငါ့အား ဖြစ်ခဲ့ရာ၏။ နောင်အခါ ဖြစ်မည့် ဤသို့ သော ဘေးကို ရှုဆင်ခြင်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၅)

၅၀။ ဆန်းကြယ်ကုန် သာယာဖွယ်ဖြစ်ကုန်သော စိတ်ပျော်မွေ့ဖွယ် ဖြစ်ကုန်သော ကာမဂုဏ်တို့သည် ဖောက်ပြန်သော သဘောအားဖြင့် စိတ်ကို မွှေနှောက်ချောက် ချား တတ်ကုန်၏ဟု ကာမဂုဏ်တို့၌ အပြစ်ကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၆)

၅၁။ ဤကာမဂုဏ်သည် ဘေးရန်လည်း မည်၏။ အိုင်းအမာလည်း မည်၏။ ကပ်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါလည်း မည်၏။ အနာရောဂါလည်း မည်၏။ ငြောင့်တံသင်းလည်း မည်၏။ ဘေးလည်း မည်၏ဟု ကာမဂုဏ်တို့၌ ဤသို့ သော ဘေးကို ရှုမြင်ပြီး၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၇)

၅၂။ အအေးကိုလည်းကောင်း၊ အပူကိုလည်းကောင်း၊ ဆာလောင်ခြင်းကိုလည်းကောင်း၊ မွတ်သိပ်ခြင်းကိုလည်းကောင်း၊ လေ နေပူကိုလည်းကောင်း၊ ခြင်မှက် မြွေ ကင်းသန်းတို့ကိုလည်းကောင်း ဤအလုံးစုံတို့ကို လွှမ်းမိုးနှိမ်နင်း၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၁၈)

၅၃။ ကောင်းသော လုံးရပ်သဏ္ဍာန် ကြန်အင်လက္ခဏာရှိသော ပဒုမ္မာကြာ အဆင်းရှိ၍ မြင့်မြတ်သော ဆင်ပြောင်ကြီးသည် ဆင်အပေါင်းတို့ကို ရှောင်ဖယ်စွန့်ခွါလျက် တော၌ မွေ့လျော်သရွေ့ နေသကဲ့သို့ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့် ရာ၏။ (၁၉)

၅၄။ အပေါင်းအဖော်၌ မွေ့လျော်သူအား (ဝင်စားဆဲ၌) ကိလေသာမှ လွတ် မြောက်မှုလောကီသမာပတ်ကို ရနိုင်ရာ၏ဟူသော အကြောင်းမျိုးသည် အကြောင်းမှန်မဟုတ်နိုင်၊ ဤသို့လျှင် နေမင်း၏အဆွေဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ၏ စကား တော်ကို (ဉာဏ်ဖြင့်) ဆင်ခြင်၍ (အပေါင်းအဖော်၌) မွေ့လျော်မှုကို ပယ်ဖျောက်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၀)

၅၅။ (ငါသည်) မိစ္ဆာအယူဟူသော ငြောင့်တံသင်းတို့ကို လွန်၍ ဖြစ်ပြီးလျှင်သောတာပတ္တိမဂ်သို့ ရောက်ပြီးသူ အထက်မဂ်သုံးပါးကို ရပြီးသူဖြစ်၍ သူတစ်ပါးတို့ သိစေအပ်သည်မဟုတ်ဘဲဖြစ်ပေါ်လာသော ပစ္စေကဗောဓိဉာဏ်ရှိသူဖြစ်၏။ (ထို့ကြောင့် ဗောဓိဉာဏ်ကို) အလိုရှိသူသည် ကြံ့ချိုပမာတစ်ယောက်တည်း ကျင့်ရာ၏။ (၂၁)

၅၆။ အာဟာရ၌ လော်လည်ခြင်းကင်းသူအံ့ဩဖွယ်ပြုခြင်းမှ ကင်းသူ မွတ်သိပ်ခြင်းမှ ကင်းသူသူ့ကျေးဇူးကို ချေဖျက်ခြင်းမှ ကင်းသူ တွေဝေမှု ဖန်ရည်ကို ထုတ်နုတ်အပ်ပြီးသူ လောကအားလုံး၌ တွယ်တာမှု 'တဏှာ' ကင်းသူဖြစ်၍ ကြံ့ချို ပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၂)

၅၇။ အကျိုးမဲ့ကို ပြတတ်သော ကာယဒုစရိုက်စသည့် မညီမညွတ်ရာ၌ သက်ဝင် တတ်သော ကာမ၌ လိုက်စားသော ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့တတ်သော ယုတ်ညံ့သော အပေါင်းအဖော်ကို ရှောင်ရာ၏။ မိမိအလိုအားဖြင့် မမှီဝဲရာ ကြံ့ချိုု ပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၃)

၅၈။ အကြားအမြင်များ၍ တရားကို ဆောင်သူ မြင့်မြတ်ပြန့်ပြော၍ ပဋိဘာန် ဉာဏ်အမြင်ရှိသူ မိတ်ဆွေကိုမှီဝဲဆည်းကပ်ရာ၏။ အကျိုးစီးပွါးတို့ကို သိ၍ ယုံမှားခြင်းကို ပယ်ဖျောက်ပြီးလျှင်ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၄)

၅၉။ လောက၌ မြူးထူးခြင်းကိုလည်းကောင်း၊ မွေ့လျော်ခြင်းကိုလည်းကောင်း၊ ကာမချမ်းသာကိုလည်းကောင်း တင့်တယ်လျောက်ပတ်၏ဟု မယူမူ၍ ငဲ့ကွက်ခြင်း မရှိဘဲအတင့်အတယ်ပြုခြင်းမှ ရှောင်ကြဉ်ကာ အမှန်စကားကို ပြောဆိုလျက် ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ (၂၅)

၆၀။ သားသမီးကိုလည်းကောင်း၊ မယားကိုလည်းကောင်း၊ အဖကိုလည်းကောင်း၊ အမိကိုလည်းကောင်း၊ ဥစ္စာတို့ကိုလည်းကောင်း၊ ကောက်ပဲသီးနှံတို့ကိုလည်းကောင်း၊ မိတ်ဆွေအပေါင်းအဖော်တို့ကိုလည်းကောင်း၊ မိမိ မိမိတို့၏ အပိုင်းအခြားအလိုက် တည်ကုန်သော ကာမဂုဏ်တို့ကိုလည်းကောင်း စွန့်ပစ်လျက်ကြံ့ချိုပမာ တစ် ယောက်တည်း ကျင့်ရာ၏။ (၂၆)

၆၁။ ဤကာမဂုဏ်သည် သတ္တဝါတို့ ငြိတွယ်ရာဖြစ်၏။ ဤကာမဂုဏ်၌ ချမ်းသာခြင်းသည် နည်းပါး၏။ ဤကာမဂုဏ်၌သာယာဖွယ် မရှိ၊ ဆင်းရဲများ၏။ ဤကာမဂုဏ်သည် ငါးမျှားချိတ်နှင့် တူ၏ဟု သိ၍ပညာရှိသောသူသည် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၇)

၆၂။ ရေ၌ ကျက်စားသော ငါးသည် ပိုက်ကွန်ကို ဖြတ်တောက်၍ မကပ်မငြိသွားသကဲ့သို့ သံယောဇဉ့်အနှောင်အဖွဲ့တို့ကို အကြွင်းမဲ့ ဖြတ်တောက်ပြီးလျှင် မီးသည် လောင်ကျွမ်းပြီးရာအရပ်သို့ ပြန်လှည့်မလာသကဲ့သို့ (ကာမဂုဏ်တောသို့ ပြန် မလှည့်မူ၍) ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၈)

၆၃။ အောက်သို့ မျက်လွှာချသည်ဖြစ်၍ ခြေထောက်မလျှပ်ပေါ်ဘဲ စောင့်ရှောက်သော ဣန္ဒြေ, စောင့်စည်းသော စိတ်ရှိသဖြင့် ကိလေသာမိုးလည်း မစိုစွတ် ကိလေသာမီးလည်း မလောင်မြိုက်မူ၍ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၂၉)

၆၄။ လူ့အသွင်အပြင်တို့ကို ပယ်စွန့်၍ အိမ်မှ ထွက်ပြီးလျှင် ကောင်းစွာ ဖုံးလွှမ်းထားသော အရွက်ရှိသော ပင်လယ်ကသစ်ပင်ကဲ့သို့ ဖန်ရည်ဆိုး အဝတ် သင်္ကန်းတို့ကို ဝတ်ရုံဖုံးလွှမ်းလျက်ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၀)

၆၅။ ရသာရုံတို့၌လည်း တပ်မက်မောခြင်းကို မပြု လျှပ်ပေါ်သောတဏှာလည်း မရှိ သူတစ်ပါးတို့ မွေးမြူမှုကိုလည်း မခံယူဘဲ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့် လည်လျက် အမျိုးတိုင်း အမျိုးတိုင်း၌ ကပ်ငြိနှောင်ဖွဲ့သော စိတ်မရှိမူ၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၁)

၆၆။ စိတ်၏ အပိတ်အပင် နီဝရဏငါးပါးတို့ကို ပယ်၍ အလုံးစုံသော ညစ်ညူး ကြောင်းတို့ကို နုတ်ပယ်လျက် မိစ္ဆာဒိဋ္ဌိကို မမှီဘဲ ချစ်ခြင်းတဏှာဟူသော သိနေဟနှင့် အမျက်ဒေါသကို ဖြတ်တောက်ပြီးလျှင် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၂)

၆၇။ ချမ်းသာ 'သုခ'ကိုလည်းကောင်း၊ ဆင်းရဲ 'ဒုက္ခ'ကိုလည်းကောင်း၊ ဝမ်း မြောက်ခြင်း'သောမနဿ'ကိုလည်းကောင်း၊ နှလုံးမသာခြင်း 'ဒေါမနဿ'ကိုလည်းကောင်း ရှေးအဖို့ (ဥပစာရ)၌ပင်လျှင် စွန့်ပစ်ပယ်ရှား ကျောခိုင်းထားလျက် အထူးသဖြင့် စင်ကြယ်၍ငြိမ်သက်တည်ကြည်သော (စတုတ္ထဈာန်) ဥပေက္ခာကို ရပြီးလျှင် ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ရာ၏။ (၃၃)

၆၈။ နိဗ္ဗာန်ဟူသော မြတ်သော အကျိုးသို့ ရောက်ခြင်းငှါ ထက်သန်သော လုံ့လ မဆုတ်နစ်သော စိတ်မပျင်းရိသော ဖြစ်ခြင်း မြဲမြံသော ဝီရိယရှိသည်ဖြစ်၍ကိုယ်အားဉာဏ်အားနှင့် ပြည့်စုံလျက် ကြံ့ချိုပမာတစ်ယောက်တည်း ကျင့်ရာ၏။ (၃၄)

၆၉။ တစ်ယောက်တည်း ကိန်းအောင်းခြင်းကိုလည်းကောင်း၊ ဈာန်ကိုလည်းကောင်း မကင်းဆိတ်စေမူ၍ခန္ဓာငါးပါးတရားတို့၌ အစဉ်တစိုက်လိုက်သော ဝိပဿနာအကျင့်ကို အမြဲကျင့်သည်ဖြစ်၍ ဘဝတို့၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၅)

၇၀။ တဏှာကုန်ရာ နိဗ္ဗာန်ကို တောင့်တလျက် မမေ့မလျော့ မထိုင်းမအဘဲ အကြားအမြင် 'သုတ'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ ပိုင်းခြားသိအပ်ပြီးသောတရားရှိသူ အရိယာမဂ်ဖြင့် မြဲခြင်းသို့ ရောက်ပြီးသူ သမ္မပ္ပဓာန်လုံ့လရှိသူ ဖြစ်လျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၆)

၇၁။ ခြင်္သေ့သည် အသံတို့ကြောင့် မထိတ်လန့်သကဲ့သို့ အနိစ္စစသည်တို့ကြောင့် မထိတ်လန့် ဘဲလေသည်ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိဘဲ ပဒုမ္မာကြာသည် ရေဖြင့်မလိမ်းကျံသကဲ့သို့ ကိလေသာဖြင့် မလိမ်းကျံဘဲ ကြံ့ချို ပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၇)

၇၂။ အစွယ်ဟူသောအားရှိသော ခြင်္သေ့မင်းသည်သားကောင်တို့ကို နှိပ်စက် လွှမ်းမိုး၍လှည့်လည်သွားလာသကဲ့သို့ ဝေးသော ကျောင်းအိပ်ရာနေရာတို့ကိုမှီဝဲလျက် ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၈)

၇၃။ တစ်ရံတစ်ခါ ဆန့်ကျင်ဘက်တို့မှ လွတ်မြောက်သော ချစ်ခြင်း 'မေတ္တာ'ကိုလည်းကောင်း၊ လျစ်လျူရှုမှု 'ဥပေက္ခာ'ကိုလည်းကောင်း၊ သနားမှု 'ကရုဏာ'ကိုလည်းကောင်း၊ ဝမ်းမြောက်မှု 'မုဒိတာ'ကိုလည်းကောင်းမှီဝဲလျက် အလုံးစုံသော လောကနှင့် မဆန့်ကျင်မူ၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၃၉)

၇၄။ တပ်စွန်းမှု 'ရာဂ'ကိုလည်းကောင်း၊ အမျက်ထွက်မှု 'ဒေါသ'ကိုလည်းကောင်း၊ တွေဝေမှု 'မောဟ'ကိုလည်းကောင်း ပယ်စွန့်လျက် သံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာအသက်ကုန်ဆုံးခြင်း၌ ထိတ်လန့်မှုမရှိသည်ဖြစ်၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏။ (၄၀)

၇၅။ ယခုအခါ အဆွေခင်ပွန်းတို့သည် ကိုယ်ကျိုးကိုယ်စီးပွါးဟူသော အကြောင်းကြောင့်သာလျှင် ဆည်းကပ်ကြကုန်၏။မှီဝဲကြကုန်၏။ ကိုယ်ကျိုးကိုယ်စီးပွါးဟူသော အကြောင်းမရှိကုန်ဘဲဆည်းကပ်မှီဝဲသူ အဆွေခင်ပွန်းတို့ကို ရခဲကုန်၏။ မစင်ကြယ်သော လူတို့သည် ကိုယ်ကျိုးကိုယ်စီးပွါးကိုသာ မြင်နိုင်စွမ်းသည့် ပညာရှိကုန်၏။ (ထိုသို့ သဘောရှိသောသူတို့မှငြီးငွေ့သည်ဖြစ်၍) ကြံ့ချိုပမာ တစ် ယောက်တည်း ကျင့်ရာ၏။ (၄၁)

သုံးခုမြောက် ခဂ္ဂဝိသာဏသုတ် ပြီး၏။